# အများပြည်သူသို့စားအုန်းဆီ ဖြန့်ဖြူးပေးနေမှု အသိပေးကြေညာချက်

ရက်စွဲ၊ ၁၁-၇-၂၀၂၆

၁။ ပြည်တွင်းဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်ပြီး ပြည်တွင်း၌စားသုံးဆီပိုမိုတိုးမြှင့်ထုတ်လုပ်၍ ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုကို အဆင့်ဆင့်လျှော့ချရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီကို ဇူလိုင်လအတွက် ပြည်သူများထံ ဖြန့်ဖြူးရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေနှင့် စားသုံးမှုနှုန်းအပေါ် မူတည်၍ ယခင်လများ၏ ဖြန့်ဖြူးမှုအပေါ် အခြေခံလျာထားပြီး လျာထားသည့်အတိုင်း အပြည့်အဝရောက်ရှိစေရေး အသုတ်လိုက် ဖြန့်ခွဲပေးလျက်ရှိပါသည်။

၃။ စက်မှုလုပ်ငန်းသုံး စားအုန်းဆီကိုလည်း အမှန်တကယ်လိုအပ်သည့် လုပ်ငန်းအရေအတွက်ပေါ်အခြေခံစိစစ်တွက်ချက်ပြီးဖြန့်ဖြူးရောင်းချရန် စီစဉ်ပေးလျက်ရှိပါသည်။

၄။ စားသုံးသူပြည်သူများထံ အပြည့်အဝရောက်ရှိရေးအတွက် သက်ဆိုင်ရာဒေသများတွင်ဖွဲ့စည်းထားသည့် စားသုံးဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ပေးနေပါသည်။

၅။ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းအစရှိသည့် လုပ်ငန်းများထံ အပြည့်အဝရောက်ရှိစေရေးအတွက် စက်မှုလုပ်ငန်းသုံးများအတွက် လိုအပ်သည့် စားအုန်းဆီ ထုတ်ယူရရှိရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ ဆောင်ရွက်ပေးနေပါသည်။

၆။ ဝယ်ယူရရှိထားသည့် စားအုန်းဆီကို အမှန်တကယ် အသုံးမပြုဘဲ တစ်ဆင့်ပြန်လည်ရောင်းချသူများအား စိစစ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

၇။ သို့ဖြစ်ပါ၍ စားသုံးသူပြည်သူများထံ အပြည့်အဝရောက်ရှိစေရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းအစရှိသည့် လုပ်ငန်းရှင်များထံ အပြည့်အဝ ရောက်ရှိစေရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း အမှန်တကယ်လိုအပ်သည့်အရေအတွက်ကိုသာ လျှောက်ထားဝယ်ယူအသုံးပြုရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာန